သို့
ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များ

မိတ္တူ -

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်များ
ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး
မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်

၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၂၇ ရက်

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာနှင့် အခြားလူနည်းစုတိုင်းရင်းသားများအား အကာအကွယ်ပေးရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ချက်ချင်းအရေးယူဆောင်ရွက်ပေးရန် တောင်းဆိုသော အိတ်ဖွင့်ပေးစာ။

လေးစားအပ်ပါသော ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား/ရှင့်

ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UN Security Council - UNSC) အနေဖြင့် အရေးပေါ်အစည်းအဝေးတစ်ရပ် ချက်ချင်းခေါ်ယူပြီး မြန်မာနိုင်ငံတစ်ဝှမ်း တိုးပွားလာနေသော အကြမ်းဖက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ရပ်တန့်ရန်နှင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာနှင့် အခြားလူနည်းစုတိုင်းရင်းသားများအပါအဝင် မြန်မာတစ်နိုင်လုံး ပြည်သူများအား အကာအကွယ်ပေးနိုင်ရန်အတွက် အရေးယူဆောင်ရွက်မှုတစ်ရပ် ညှိနှိုင်းလုပ်ဆောင်ရန် အောက်ပါလက်မှတ်ထိုးထားသော မိမိတို့ မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာအရပ်ဘက်အဖွဲ့အစည်း ၈၉ ဖွဲ့တို့မှ အခိုင်အမာတိုက်တွန်းတောင်းတွန်းဆိုသည်။ UNSC အနေဖြင့် စစ်အုပ်စုအပေါ် စီးပွားရေးအရ ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုများ၊ ကမ္ဘာလုံးဆိုင်ရာ လက်နက်နှင့် လေယာဉ်လောင်စာဆီ တင်ပို့ရောင်းချမှုအား ပိတ်ဆို့တားဆီးမှုများနှင့် မြန်မာနိုင်ငံ၏ အကျပ်အတည်းကို နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court - ICC) သို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ရာဇဝတ်ခုံရုံးတစ်ခု ထူထောင်ပေးခြင်း တို့ပါဝင်သည့် စည်းနှောင်မှုရှိသော ဆုံးဖြတ်ချက်တစ်ရပ်ကို အမြန်ဆုံးချမှတ်ပေးရန်လည်း မိမိတို့မှ တိုက်တွန်းတောင်းဆိုသည်။

မကြာသေးမီလများအတွင်းက စစ်အုပ်စု၏ မြန်မာပြည်သူများအပေါ် ဆင်နွှဲသော အကြမ်းဖက်မှုများနှင့် ၎င်းနှင့်အာရက္ခတပ်တော် (AA) တို့အကြား ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် ရခိုင်ပြည်နယ်တွင် အလွန်ပင် ဆိုးရွားလှသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာရာဇဝတ်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ရိုဟင်ဂျာ၊ ရခိုင်၊ ကမန်၊ ချင်း၊ မြို နှင့် အခြားတိုင်းရင်းသား အသိုက်အဝန်းများမှ အရပ်သားပြည်သူများသည် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ အပါအဝင် စစ်အုပ်စု၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို

နိုင်ငံအနှံ့အပြားတွင် နေ့စဉ်နှင့်အမျှ ကြုံတွေ့ခံစားနေကြရသည်။ ဇွန်လ ၁၈ ရက်နေ့ ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီ (UN Human Rights Council) တွင် တင်သွင်းသော ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံတင်ပြချက်ထဲတွင် "စစ်တပ်ဟာ နယ်မြေအတော်များများကို ထိန်းချုပ်နိုင်မှု လက်လွတ်ဆုံးရှုံး သွားတဲ့အတွက် ဆိုးရွားပြင်းထန်တဲ့ တုံ့ပြန်မှုအစီအမံတွေကို တိုးမြှင့်လုပ်ဆောင်နေတယ်" ဟု ထည့်သွင်း ဖော်ပြခဲ့သည်။

မေလ ၁၇ ရက်နေ့၌ ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်မြို့နယ်တွင် ရိုဟင်ဂျာနေအိမ်များသည် ပစ်မှတ်ထား၊ လုယက်၊ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရပြီး ရိုဟင်ဂျာအရပ်သား လေးဦးကို ဘူးသီးတောင်မြို့နယ်ရှိ AA ၏တပ်ဖွဲ့များက ခေါင်းဖြတ်သတ်ဖြတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ AA ၏ မီးရှို့တိုက်ခိုက်မှု၊ အဓမ္မခေါ်ဆောင်မှု၊ အဓမ္မဖျောက်ဖျက်မှုနှင့် အခြားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများသာမက စစ်အုပ်စုအား တန်ပြန်တိုက်ခိုက်သော ၎င်း၏တိုက်ပွဲများ ပြင်းထန်ခြင်းတို့ကြောင့် ၂၀၁၇ ခုနှစ် လူမျိုးသုဉ်းသတ်ဖြတ်မှုမှ အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာလူမျိုးများ နေထိုင်သော ဘူးသီးတောင်မြို့နယ်ရှိ ရိုဟင်ဂျာ အရပ်သား ၂၀၀,၀၀၀ ကျော်သည် ၎င်းတို့နေအိမ်မှ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ AA တပ်ဖွဲ့ဝင်များမှ လမ်းများပိတ်ဆို့ထားပြီး ဆက်ကြေးကောက်ခံမှုများ လုပ်ဆောင်နေသည့် သတင်းများ ထွက်ပေါ်မှုများကြားတွင် ရိုဟင်ဂျာလူထုသည် ဆေးဝါး၊ သန့်ရှင်းသောရေနှင့် လုံလောက်သော စားနပ်ရိက္ခာ မရှိသည့် အမိုးအကာမဲ့သော ကွင်းပြင်များတွင် ထွက်ပြေးတိမ်းရှောင် ခိုလှုံနေကြရသည်။ စစ်အုပ်စု၏ ဆက်သွယ်ရေး ဖြတ်တောက်ထားမှုများကြောင့် အများစုမှာ ၎င်းတို့၏ မိသားစုများနှင့် တိုက်ရိုက်အဆက်အသွယ် ပြတ်တောက်နေကြပြီး အချို့သူများ၏ ဖုန်းများကိုမူ AA ၏ စစ်သားများက သိမ်းယူထားခြင်းကြောင့် ၎င်းတို့၏ကြမ္မာကို မသိနိုင်ဘဲ သတင်းအမှောင်ချ ခံနေကြရသည်။

ရခိုင်လူမျိုးများအပေါ် ကျူးလွန်သော မြန်မာစစ်တပ်၏ ချိုးဖောက်မှုများလည်း ကျယ်ကျယ် ပြန့်ပြန့် ဖြစ်ပေါ်နေလျက်ရှိသည်။ မေလ ၂၉ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဗျိုင်းဖြူကျေးရွာကို စစ်အုပ်စုက ဝင်ရောက်စီးနင်းမှုအတွင်း ဓားများ၊ သေနတ်များဖြင့် ခုတ်ထစ်ရိုက်နှက်ခြင်း ကြောင့် အနည်းဆုံး အမျိုးသားဦးရေ ၇၆ ဦး ရက်စက်စွာ ညှဉ်းပန်းနှိပ်စက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း ခံခဲ့ရသည် သာမက ရုပ်အလောင်းများကိုလည်း သက်သေများ ဖျောက်ရန်အတွက် စစ်အုပ်စုက မီးရှို့ဖျက်ဆီးခဲ့သည်။ စစ်အုပ်စု၏ တပ်သားများသည် ရာနှင့်ချီသော ရွာသားများကို ဖမ်းဆီး ခေါ်ဆောင်သွားပြီး အမျိုးသမီးများနှင့် ကလေးများအား ဓားစားခံအဖြစ် ဖမ်းဆီးထားကာ အစားအစာနှင့် ရေမျှပင် မပေးဘဲ မုဒိမ်းကျင့်မှုများ ကိုလည်း ကျူးလွန်ခဲ့သည်။ အိမ်ခြေ ၈၀ ကျော်နှင့် ဘုန်းကြီးကျောင်း တစ်ကျောင်းကိုလည်း မီးရှို့ဖျက်ဆီးခဲ့ သည်။ ဇွန်လ ၄ ရက်နေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ဆင်ခေါင်းကျေးရွာကို စစ်အုပ်စုက မြေပြင်၊ လေကြောင်းနှင့် ရေကြောင်းတို့မှ ပူးပေါင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သဖြင့် လူဒါဇင်နှင့်ချီ သေဆုံးခဲ့ရသည်။ မြန်မာစစ်အုပ်စု နှင့် AA တို့က ၎င်းတို့အကြား နောက်ဆုံးဖြစ်ပွားသော တိုက်ပွဲများမတိုင်မီတွင် အရပ်သား ပြည်သူများကို ၎င်းတို့နေထိုင်ရာ ကျေးရွာများမှ ရွှေ့ပြောင်းရန် အမိန့်ပေးထားသဖြင့် ရခိုင်ပြည်နယ်တွင် ပိုမိုဆိုးရွားပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက်ဖြစ်ပေါ် နေလိမ့်ဦးမည်ဖြစ်သည်။

ဖေဖော်ဝါရီလမှစ၍ စစ်အုပ်စုသည် ၎င်းတို့အတွက် ရှေ့တန်းတွင်အသေခံခိုင်းစေခြင်း အပါအဝင် လူသားဒိုင်းများ၊ လူသားမိုင်းရှင်းလင်းရေးသမားများ၊ ပေါ်တာသမားများ အဖြစ်အသုံးပြုရန် ရခိုင်ပြည်နယ် ရှိ တိုင်းရင်းသားလူငယ်များနှင့် ဘင်္ဂလာဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများမှ လူငယ်များကို ဖမ်းဆီးခြင်း၊ အဓမ္မဖမ်းဆီးခြင်းနှင့် တပ်သားအဖြစ်အဓမ္မစာရင်းသွင်းခြင်းများကို စနစ်တကျ လုပ်ဆောင်နေခဲ့သည်။ ရခိုင် လူငယ်များ ရာနှင့်ချီ ဖမ်းဆီးခံရပြီး အဆက်အသွယ် ဖြတ်တောက်ခံထားရကာ မြန်မာစစ်တပ်သို့ ဝင်ရောက် ရန် အတင်းအဓမ္မခိုင်းစေခြင်း ခံနေကြရသည်။ ထို့အတူ ရခိုင်ပြည်နယ်ရှိ ကျေးရွာများနှင့် အကျယ်ချုပ် စခန်းများရှိ ထောင်နှင့်ချီသော ရိုဟင်ဂျာလူမျိုးများကိုလည်း အတင်းအဓမ္မ စာရင်းသွင်းခြင်း သို့မဟုတ် လွတ်လပ်စွာသွားလာခွင့်၊ ငွေ၊ ဆန် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးမည်ဆိုကာ ဖြားယောင်းပြီး ၎င်းတို့၏ ယုံကြည်ကိုးကွယ်သော ဘာသာအတွက် "တိုက်ပွဲဝင်" ရန် သို့မဟုတ် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို ပိတ်ဆို့မည်ဟု ခြိမ်းခြောက်ခြင်း တို့ လုပ်ဆောင်နေကြောင်း သတင်း တင်ပြမှုများလည်း ရှိသည်။ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ထိခိုက်လွယ်သော ရိုဟင်ဂျာဒုက္ခသည်များသည် ပြန်ပေးဆွဲခံနေရပြီး AA နှင့်တိုက်ခိုက်ရန် မြန်မာစစ်တပ်ထဲသို့ အဓမ္မသွတ်သွင်းခြင်း ခံနေကြရသည်။ ထိုအဓမ္မဖမ်းဆီးခြင်းလုပ်ရပ်များကို ရိုဟင်ဂျာအရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ရှုတ်ချထားသော မြန်မာ စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရိုဟင်ဂျာပြည်သူ့စစ်အဖွဲ့များဖြစ်သည့် Arakan Rohingya Salvation Army (ARSA)၊ Rohingya Solidarity Organisation (RSO) နှင့် Arakan Rohingya Army (ARA) တို့က လုပ်ဆောင်နေခြင်း ဖြစ်သည်။ ရိုဟင်ဂျာလူငယ်များသည် ၎င်းတို့အပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် မြန်မာစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော အတင်းအဓမ္မ တပ်သားစုဆောင်းခြင်းကို ခံနေကြရသည်။

အထူးသဖြင့် မြန်မာစစ်အုပ်စု၏ သွေးထိုးလှုံ့ဆော်စီစဉ်ခဲ့သော AA ဆန့်ကျင်ရေး ဆန္ဒပြမှုများနှင့် ရခိုင်နေအိမ်များအား မီးရှို့ဖျက်ဆီးရာတွင် ပါဝင်ရန် ရိုဟင်ဂျာများကို အတင်းအဓမ္မစုဆောင်းခြင်းများက ရိုဟင်ဂျာလူထုအသိုင်းအဝိုင်း၏ ကြုံတွေ့ခံစားနေရမှုများကို ပိုမိုဆိုးရွားစေသည်။ ရိုဟင်ဂျာလူမျိုးတို့၏ စိုးရိမ်ဖွယ်ရာ ထိရှလွယ်အခြေအနေသည် ရခိုင်ပြည်နယ်တွင် အဓိကလူမျိုးစုနှစ်စုဖြစ်သည့် ရခိုင်နှင့် ရိုဟင်ဂျာအသိုင်းအဝိုင်းတို့အကြား လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခ ပိုမိုဆိုးရွားလာစေရန်အတွက် မြန်မာစစ်တပ်နှင့် အခြားလက်နက်ကိုင်အဖွဲ့တို့၏ စနစ်တကျအသုံးချခြင်းကို ဆက်လက်ခံနေရဦးမည် ဖြစ်သည်။

ထို့အပြင် အခြေအနေများတင်းမာနေသည့် အချိန်များတွင် "ဘင်္ဂါလီအကြမ်းဖက်သမားများ" နှင့် "မွတ်စလင်အကြမ်းဖက်သမားများ" ကဲ့သို့သော အသုံးအနှုန်းဝေါဟာရများ အပါအဝင် ရိုဟင်ဂျာလူမျိုးများ အပေါ် အမုန်းစကားများ ဖြန့်ဝေခြင်းသာမက ရိုဟင်ဂျာများကို စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်သူများ အဖြစ် သရုပ်ဖော်ခြင်းတို့ကို အဖွဲ့အစည်းများ၊ မီဒီယာများနှင့် တစ်သီးပုဂ္ဂလတို့၏ ထုတ်ပြန်၊ ပြောဆို၊ တင်ပြမှုများတွင် ကျယ်ကျယ်ပြန့်ပြန့် မြင်တွေ့ရသည်။ ထိုကဲ့သို့ လူမျိုးစုတစ်စုနှင့် ၎င်းတို့အများစု ယုံကြည် ကိုးကွယ်သည့်ဘာသာကို ဤကဲ့သို့ သိမ်းကျုံးဖော်ပြခြင်းများသည် လူမျိုးရေး-ဘာသာရေးပဋိပက္ခကို

ပိုမိုဆိုးရွားစေသည်သာမက မြန်မာနိုင်ငံရှိ ဖိနှိပ်ခံထားရသော လူနည်းစုတိုင်းရင်းသားတစ်စုအပေါ် လူထုမုန်းတီးမှုကိုလည်း ပိုမိုမြင့်တက်လာစေမည် ဖြစ်သည်။

ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား/ရှင့် - ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံတဝှမ်းတွင် ရိုဟင်ဂျာနှင့် တခြားလူနည်းစုတိုင်းရင်းသားများအပေါ် ဆက်လက်ဖြစ်ပွားနေသည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့်ပစ်ခတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အခြားသောနိုင်ငံတကာရာဇဝတ်မှုများ၏ ကြီးမားသောရက်စက်ကြမ်းကြုတ်မှုများကို အဓိကကျူးလွန်နေသူ မြန်မာစစ်တပ်အား တာဝန်ယူတာဝန်ခံခိုင်းစေရန်မှာ နိုင်ငံတကာအသိုင်းအဝိုင်း၌ တာဝန်ရှိသည်။ UNSC ၏ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို အတည်ပြုခဲ့ပြီး တစ်နှစ်ခွဲနီးပါးကာလတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို မြန်မာစစ်အုပ်စုက ဆက်လက်၍ ကျူးလွန်နေခဲ့သည်။ ၂၀၂၄ ခုနှစ်၏ အစောပိုင်း ၄ လတာအချိန်ကာလအတွင်းပင် စစ်အုပ်စုမှ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ၄၆ ကြိမ်ကျူးလွန်ခဲ့ပြီး၊ လူ ၃၆၉ ဦးကို သတ်ဖြတ်ခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသို့ လေယာဉ်ဆီ တင်ပို့ခြင်း၊ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့ ရှောင်ကြဉ်ရန် တောင်းဆိုထားသည့် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက်ရှိနေသည့်တိုင် အဖွဲ့ဝင်နိုင်ငံများသည် စစ်အုပ်စုအား လေယာဉ်လောင်စာဆီ ဆက်လက်ပေးပို့ နေခြင်းကြောင့် မြန်မာနိုင်ငံအနှံ့ လေကြောင်းတိုက်ခိုက်မှုများနှင့် အခြားသော လေကြောင်းဆိုင်ရာ တိုက်ခိုက်မှုများကို ပိုမိုလုပ်ဆောင်စေနိုင်ပြီး ပြည်သူများခံစားနေရသော အတိဒုက္ခများနှင့် ကြီးမားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအတွင်း နောက်ထပ်သော အုံလိုက် ကျင်းလိုက် ထွက်ပြေးတိမ်းရှောင်ရမှုများကိုလည်း ပိုမိုဆိုးရွားစေသည်။

UNSC အနေဖြင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြု၍ အရေးပေါ် အစည်းအဝေးတစ်ရပ်ခေါ်ယူပြီး ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ရိုဟင်ဂျာနှင့် အခြားလူနည်းစု တိုင်းရင်းသားများအပေါ် ကျူးလွန်နေသည့် ကြောက်မက်ဖွယ်ကောင်းသော အကြမ်းဖက်မှုများကို ရပ်တန့်ရန် နှင့် အရပ်သားပြည်သူများကို အကာအကွယ်ပေးရန်အတွက် အရေးယူဆောင်ရွက်မှုတစ်ရပ် ချက်ချင်း လုပ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်ရမည်။ ထို့အပြင် UNSC အနေဖြင့် ကုလသမဂ္ဂ၏ပဋိညာဉ် အခန်း ၇ အောက်တွင် မြန်မာနိုင်ငံသို့ လေယာဉ်လောင်စာဆီ ရောင်းချမှု၊ လွှဲပြောင်းမှုနှင့် တင်ပို့မှု အလုံးစုံပိတ်ဆို့ရေး အပါအဝင် စစ်အုပ်စုအား စီးပွားရေးအရ ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုနှင့် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ ရောင်းချမှု အလုံးစုံပိတ်ဆို့ရေး တို့ပါဝင်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အမြန်ဆုံးချမှတ်ရန် မိမိတို့မှ ထပ်လောင်းတောင်းဆိုသည်။ ယင်းဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ICC သို့ လွှဲပြောင်းပေးရန် သို့မဟုတ် မြန်မာနိုင်ငံဆိုင်ရာ ရာဇဝတ်ခုံရုံးတစ်ခု ထူထောင်ရေးကို အချိန်မဆိုင်းဘဲ ချက်ချင်းလုပ်ဆောင်ပေးရမည် ဆိုသည်ကိုလည်း ထည့်သွင်းရမည်။

UNSC ၏ အရေးပေါ် အရေးယူဆောင်ရွက်မှုဖြင့် ဆက်လက်ဖြစ်ပွားနေသော ရာဇဝတ်မှုများကို မရပ်တန့်နိုင်သရွေ့ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးနှင့် ရခိုင်လူမျိုးများအပြင် မြန်မာနိုင်ငံတဝှမ်းရှိ

အခြားသော လူနည်းစုတိုင်းရင်းသားများသည် အတိဒုက္ခများနှင့် အကြမ်းဖက်မှုများကို ဆက်လက်ကြုံတွေ့ခံစားနေကြရဦးမည်ဖြစ်သည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်

- ထွန်းခင်၊ Burmese Rohingya Organisation UK၊ tunkhin80@gmail.com
- မူလန်၊ သွေးစွန်းငွေ ဖြတ်တောက်ရေးလှုပ်ရှားမှုအဖွဲ့၊ info@bmcmyanmar.com
- နော်အောင်၊မြန်မာ့ဒီမိုကရေစီကာကွယ်မြှင့်တင်ရေးလှုပ်ရှားမှုအဖွဲ့၊ communication@defendmyanmardemocracy.org
- ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org

ဤအိတ်ဖွင့်ပေးစာကို မြန်မာနိုင်ငံအတွင်း စစ်အုပ်စုမှ ဆက်လက်ကျူးလွန်နေသော အကြမ်းဖက်မှုများကြောင့် အမည်မဖော်လိုသော အဖွဲ့အစည်း ၈ ဖွဲ့ အပါအဝင် မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူထုအဖွဲ့အစည်း ၈၉ ဖွဲ့တို့က လက်မှတ်ရေးထိုးထားပါသည်။

1. #MilkTeaAlliance Calendar Team
2. Action Committee for Democracy Development (Coalition of 14 Grassroots Networks)
3. Ah Nah Podcast – Conversations with Myanmar
4. Anti-Junta Mass Movement (AJMM)
5. ALTSEAN-Burma
6. ASEAN Parliamentarians for Human Rights (APHR)
7. Asia Alliance Against Torture
8. Asian Health Institute (AHI)
9. Athan – Freedom of Expression Activist Organization
10. Blood Money Campaign
11. Burma Action Ireland
12. Burma Human Rights Network (BHRN)
13. Burma Support
14. Burmese Rohingya Organisation UK (BROUK)
15. Burmese Women's Union (BWU)
16. Campaign for a New Myanmar
17. CAN-Myanmar
18. CRPH & NUG Supporters Ireland
19. CRPH Funding Ireland
20. Defend Myanmar Democracy - DMD
21. Democratic Movement Strike Committee (DDMSC)
22. Democracy, Peace and Women's Organization
23. Doh Atu – Ensemble pour le Myanmar
24. Education Garden for Rohingya – EGR

25. Equality Myanmar (EQMM)
26. Extra-Territorial Obligation Watch Coalition
27. Free Burma Campaign (South Africa) (FBC(SA))
28. Free Rohingya Coalition (FRC)
29. Friends Against Dictatorship (FAD)
30. From Singapore to Myanmar (FS2M)
31. Future Thanlwin
32. Generation Wave
33. Honesty School
34. Human Rights Foundation of Monland (HURFOM)
35. Info Birmanie
36. Institute for Asian Democracy
37. International Campaign for the Rohingya
38. Italia-Birmania.Insieme
39. Japan Campaign to Ban Landmines (ICBL)
40. Justice For Myanmar
41. Justice Movement for Community – Innlay
42. Karen Human Rights Group (KHRG)
43. Karen Peace Support Network
44. Kayaw Women Association
45. Keng Tung Youth
46. Kyauktada Strike Committee (KSC)
47. Mandalay Regional Youth Association (MRYA)
48. Muslim of Myanmar Multi-Ethnic Consultative Committee (MMMCC)
49. Mya Yar Knowledge Tree
50. Myanmar Accountability Project
51. Myanmar Muslim Revolution Force (MMRF)
52. MyaYar Knowledge Tree
53. Network for Human Rights Documentation – Burma (ND-Burma)
54. No Business With Genocide
55. NOK Information & Scout Echo
56. North Dagon & East Dagon News
57. Nyan Lynn Thit Analytica
58. Olive Organization
59. Progressive Voice
60. Resilient Action for Kachin State (RAKS)
61. Rohingya Student Network (RSN)
62. Rohingya Students Unity For Right (RSUR)
63. Rohingya Women Empowerment and Advocacy Network (RWEAN)
64. RW Welfare Society
65. Save and Care Organization for Ethnic Women at Border Areas (SCOEWBA)
66. Spirit in Education Movement (SEM)
67. Shan MATA
68. Sisters 2 Sisters
69. Sitt Nyein Pann Foundation
70. Southern Dragon Myanmar
71. Southern Youth Development Organization (SYDO)
72. Technological Teachers' Federation – TTF

73. Thai Action Committee for Democracy in Burma (TACDB)
74. The Commission for the Disappeared and Victims of Violence (KontraS)
75. The Ladies
76. The Mekong Butterfly
77. Voice of Rohingya Women and Students (VRWS)
78. Volunteers in Myanmar
79. Yangon Deaf Group
80. Yangon Public Relations (YPR)
81. Youths for Rohingya Development (YRD)